
နယ်ချဲ့ကို ဒူးမထောက်တဲ့
သခင်နက်ဖေ
ဝမ်းအိုဝမ်းကျော်ဝင်းမောင်

# နိဒါန်း

သခင်နက်ဖေရဲ့အကြောင်းကို စာရေးသူအနေနှင့် ရေးဖို့ ရည်ရွယ်ထားတာ ဒုတိယ ကမ္ဘာစစ် မပြီးဆုံးခင်ကတည်းကပါ။

ဂျပန်ခေတ် ဘီဒီအေ တတိယအပတ် မင်္ဂလာဒုံစစ်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားနေချိန် ရဲဘော်ဘသောင်းနှင့် စာရေးသူတို့အားလည်းကောင်း၊ လေယာဉ်ပစ် အမြောက်ကြီးတပ်မှ ရဲဘော်လှ၊ ရဲဘော်အေးဝင်း (ပျဉ်းမနား) တို့ နှစ်ယောက်အားလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်မြောက်ပိုင်းရှိ မဟာမိတ်များနှင့် သွားရောက်ဆက်သွယ်ရန် တာဝန်ပေးပါတယ်။ အနောက်မြောက်တိုင်း တိုင်းမှူး ဗိုလ်မှူးဗထူးအား သတင်းပို့ပြီး ကသာမြို့နယ်သို့ ရဲဘော် လေးဦးတို့ ချီတက်သွားပါတယ်။ အဖွဲ့ခေါင်းဆောင်မှာ ရဲဘော်လှ ဖြစ်ပါတယ်။ ရဲဘော်အေးဝင်းမှ လွဲ၍ ကျန်တဲ့ ရဲဘော်သုံးယောက်ဟာ ဇန်းမော်၊ ကသာနယ်က ရဲဘော်များ ဖြစ်ပါတယ်။

စာရေးသူတို့ဟာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (အေ၊ အက်ဖ်၊ အို) ဝင်များ ဖြစ်ပါတယ်။ ကသာနယ်မှာ (အေ၊ အက်ဖ်၊ အို) လှျို့ဝှက်စခန်းချပြီး မဟာမိတ်များ မြစ်ကြီးနား၊ ကသာတို့ကို သိမ်းပြီးတဲ့အခါ ကသာရှိ မဟာမိတ်တပ်များနှင့် ဆက်သွယ်ရန် ကိုလှနှင့် စာရေးသူတို့ သွားပါတယ်။ စာရေးသူတို့ဟာ အေ၊ အက်ဖ်၊ အို ခေါင်းဆောင်တစ်ဦးအနေနှင့် ကသာရှိ အမေရိကန် စီအိုင်စီ၊ စီအိုင်တီတပ်သို့ သွားရောက်ဆက်သွယ်ခဲ့ပါတယ်။ ကသာ စီအိုင်တီရုံးမှာ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ ဘီအိုင်စီ၊ အက်ဖ်အက်စ်အက်စ်နှင့် အမေရိကန် စီအိုင်တီ၊ စီအိုင်စီ - ထောက်လှမ်းရေးများက နှစ်ဖက်ညှပ်၍ မေးမြန်းစစ်ဆေးပါတယ်။

စာရေးသူက ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး မကြာမီ ဂျပန်ကို တိုက်ခိုက်မှာ ဖြစ်တယ်။ အခု စာရေးသူတို့ လေးဦးအဖွဲ့ဟာ မဟာမိတ်များနှင့် ဆက်သွယ်ရန်လာကြောင်း ရှည်လျားထွေပြားစွာ ရှင်းပြတယ်။

နောက်ဆုံး သူတို့ပြောတဲ့ အဓိကအချက်က ဂျပန်က ဗိုလ်ချုပ်အောင်ဆန်းတို့ကို စစ်ပညာသင်ပေးတယ်။ တပ်မတော်ဖွဲ့ပေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ကို ပြန်တိုက်မယ်ဆိုတာ သူတို့ ဘယ်လိုနားလည်ရမလဲ။ ဘယ်လိုယုံရမလဲတဲ့။

စာရေးသူလည်း အတတ်နိုင်ဆုံး ရှင်းပြပါတယ်။ စာရေးသူဟာ အင်္ဂလိပ် မြန်မာ (၁၀) တန်းဆိုတော့ သူတို့နှင့် လွယ်လွယ်ကူကူ အင်္ဂလိပ်လို ပြောနိုင်ဆိုနိုင်တယ်။ စကားပြန်မလိုပါ။

စာရေးသူကို မေးလို့အားရတော့မှ ကသာကနေ မြစ်ကြီးနားမြို့မှာရှိတဲ့ စီအိုင်စီ၊ စီအိုင်တီ ဌာနချုပ်ဖြစ်တဲ့ ဝမ်းအိုဝမ်း ဌာနချုပ်ကို အဲလ်ဖွိုက်ဆိုတဲ့ လေယာဉ်ပျံနှင့် ခေါ်သွားပါတယ်။

(စာရေးသူတို့ ကသာ၊ မြစ်ကြီးနား၊ ဗန်းမော်ဘက်မှာက ဒီလေယာဉ်ငယ်ကလေးကို ''ပုဇဉ်း'' လေယာဉ်ပျံတဲ့။ ''ပုဇဉ်း'' ရင်ကွဲအကောင်နဲ့ တူလို့တဲ့။ သူတို့အခေါ်ကတော့ အဲလ်ဖွိုက် ဆိုတဲ့ နှစ်ယောက်စီး လေယာဉ်ငယ်ပါ။ မောင်းတဲ့သူက ရှေ့ကထိုင်ပြီး အပိုလူက နောက်က ထိုင်ရတဲ့ လေယာဉ်ပါ။)

အဲဒီ ရောက်တော့ ဝမ်းအိုဝမ်းဌာနချုပ်က အရာရှိတွေနဲ့ ဆွေးနွေးရပြန်တယ်။

သူတို့မေးတာက ကသာမှာ စစ်ဆေးခဲ့တဲ့အတိုင်းပါပဲ။

ဒါပေမယ့် မေးမယ့်သာမေးနေတာပါ။ မြန်မာပြည်က မန်းဝင်းမောင် (သမ္မတကြီးဟောင်း)၊ ရဲဘော်ဘသောင်း အစရှိတဲ့ အဖွဲ့တွေက အမေရိကန်၊ တရုတ်၊ အင်္ဂလိပ် ရှေ့တန်းစစ်မျက်နှာကို ဖြတ်ပြီး ဖို့စ် - ၁၃၆ ဌာနချုပ်ရှိရာ အိန္ဒိယနိုင်ငံ

ကာလကတ္တားမြို့သို့ သွားနေကြပါပြီ။ မဟာမိတ် တပ်နဲ့ အေ၊ အက်ဖ်၊ အိုတွေ ဆက်သွယ်မှုရရှိပြီဆိုတာ သူတို့ သိနေနှင့်ပြီဖြစ်တယ်။

မြန်မာကိုယ်စားလှယ် ဦးသိန်းဖေ (ဦးသိန်းဖေမြင့်) ဟာ မဟာမိတ်တွေနဲ့ပူးတွဲပြီး ရန်သူ့ စစ်ကြောင်းအတွင်းကို သူ့ရဲဘော်တွေကို လေထီးနဲ့ ခုန်ဆင်းပြီး သတင်းယူခြင်း၊ ဖောက်ခွဲခြင်း၊ ပြောက်ကျားစစ်ဆင်ခြင်းတွေကို လုပ်နေပြီဆိုတာ သူတို့ သိတယ်။

နောက်ဆုံး ဝမ်းအိုးဝမ်း စစ်ဌာနချုပ်မှာ စာရေးသူနှင့် ဆွေးနွေးရာ ပြေလည်မှုရရှိသွားပါ တယ်။ အေ၊ အက်ဖ်၊ အိုနဲ့ အမေရိကန်တွေ တွေ့ဆုံပေးဖို့ ဝမ်းအိုဝမ်းဌာနချုပ်မှာ အစီအစဉ်တွေ ရေးဆွဲနေစဉ် ယင်းဌာနချုပ်မှာ စာရေးသူ စောင့်ဆိုင်းနေရပါတယ်။

အဲဒီ လို စောင့်ဆိုင်းနေစဉ် မြို့ထဲကို လည်ပတ်ခွင့်ရပါတယ်။ မြစ်ကြီးနားမြို့ဟာ အင်္ဂလိပ် အမေရိကန်ဗုံးတွေ အကြီးအကျယ် ချခံရတဲ့အတွက် တစ်မြို့လုံး ပြာပုံဖြစ်နေပါတယ်။ တစ်မြို့လုံး ပြာပုံဖြစ်သွားတဲ့အတွက် အမေရိကန်တွေဟာ မိုးကာတဲထိုးပြီး နေကြရတယ်။ အရပ်သူ အရပ်သားတွေကတော့ မြို့ပြင်ပမ္မတီးမှာ သွားရောက်နေကြရပါတယ်။ ဒါပေမယ့် နေထွက်တာနဲ့ တစ်ပြိုင်နက် အမေရိကန်တွေဆီမှာ ရရာအလုပ်ကို လာလုပ်ကြတယ်။

ဂျပန်ခေတ် တစ်ခေတ်လုံး ဗုံးဒဏ်နဲ့ စက်သေနတ် အမြောက်တွေ ပစ်ဖောက်ခံရတော့ လုပ်ကိုင်မစားရတာ တစ်ကြောင်း၊ ဂျပန်ခေတ်တစ်ခေတ်လုံး ငတ်ပြတ်နေတာတွေကြောင့်ရော၊ ဝမ်းစာအတွက် ရရာအလုပ်တွေကို လာရောက်လုပ်ကြရပါတယ်။

တစ်နေ့တော့ အဲဒီ လို မြို့ထဲလည်တဲ့အခါ ရဲဘော်ထွန်းစိန်နဲ့ မမျှော်လင့်ဘဲ တွေ့လိုက်တယ်။ သူက ဂျပန်ခေတ် နိုင်ငံရေးသမားပါ။ သူဟာ

မြစ်ကြီးနားမြို့နယ်ကို တို့ဗမာဆင်းရဲသား အစည်းအရုံးရဲ့ အမှုဆောင်ပါ။ ဥက္ကဋ္ဌကတော့ သွားလေသူ သခင်နက်ဖေပါတဲ့။ သူနဲ့တွေ့တယ်။ နောက် သခင်နက်ဖေနဲ့ မယားညီအစ်ကိုတော်သူ ကိုတင်မောင်နဲ့တွေ့တယ်။ သူကတော့ ပုလိပ်ဘက်မှာ ဝင်လုပ်နေသူပါ။ နောက်ကိုမြင့်နဲ့လည်း တွေ့တယ်။ သူတို့ထံမှ သခင်နက်ဖေတို့ အကြောင်း၊ နယ်ချဲ့အင်္ဂလိပ်ကဖမ်းပြီး ပစ်သတ်လိုက်တဲ့အကြောင်း၊ ရဲဘော်ထွန်းစိန်ကတော့ အမေရိကန်တွေ ဝင်ဝင်ချင်း အမေရိကန်တွေ ကပ်ရပ်လုပ်ကိုင်ပေးနေတော့ အဖမ်းမခံရတဲ့ အကြောင်းတို့ကိုပါ ပြောပြလို့ သိရပါတယ်။

သခင်နက်ဖေဟာ မြန်မာ့အာဇာနည်အဖြစ် ကျဆုံးခဲ့ရတဲ့အကြောင်း၊ အုံ့မခန်းလိလိ၊ နယ်ချဲ့ရှေ့မှောက်မှာ မြန်မာ့သားကောင်းပီပီ ရဲရဲရင့်ရင့် အသေခံသွားတဲ့အကြောင်း၊ သူတို့အကြောင်း ကြားရသူမှန်သမျှ ကြက်သီးမွေးညင်း ထလောက်စရာ၊ ကြေကွဲဝမ်းနည်း ဖြစ်ရကြောင်း။

''သခင်နက်ဖေဟာ အချုပ်ထဲမှာနေရပေမယ့် နည်းနည်းလေးမှ မျက်နှာမပျက်ခဲ့ဘူးတဲ့။ ရင်ဘတ်မှာ သုံးရောင်ခြယ် အလံတံဆိပ်ကို တပ်ထားတယ်။ တို့ဗမာသီချင်းကို သက်ဆိုင်ရာ အာဏာပိုင်တွေက မကြိုက်ပေမယ့် သူက ခုံခုံမင်မင်နဲ့ အူထဲ အသည်းထဲက ယုံကြည်မှုနဲ့ ဆိုနေတတ်တယ်တဲ့။ သူ့ကို ဗမာပုလိပ်တွေက ထွက်ပြေးပါလို့ပြောပြီး အခွင့်အရေးပေးတယ်။ ဒါပေမယ့် သူ့ကို ထွက်ပြေးပါလို့ပြောတဲ့ သူ့မိတ်ဆွေတွေကို သူက လေးစားစွာနဲ့ ပြန်ပြောပြပါတယ်။ သူပြောတာတွေက . . .

''ကျုပ်အတွက် စိုးရိမ်လို့ စေတနာနဲ့ပြောတာတွေကိုတော့ ကျုပ် ခင်ဗျားတို့ကို လေးစားပါတယ်၊ ခင်မင်ပါတယ်၊ ဒါပေမယ့် ကျုပ်က လွတ်သွားပြီပဲထား၊ ခင်ဗျားတို့ အစောင့်ပုလိပ်တွေပေါ်မှာ တာဝန်မကင်းဘူးဆိုပြီး ဟီးလ်တို့က ကြီးလေးတဲ့ ပြစ်ဒဏ်တွေပေးမယ်။ ကျုပ်ကို ဟီးလ်က ဘယ်လောက် မဲနေသလဲဆိုတာ ခင်ဗျားတို့အသိပဲ။ ကျုပ်ကို မကြည့်ချင်ဘူး ခွေးချေးသာ

ကြည့်မယ်ဆိုတဲ့လူပဲဗျ။ ကျုပ်ကြောင့်နဲ့တော့ ခင်ဗျားတို့ ဒုက္ခဖြစ်မှာကို ကျုပ် မကြည့်ရက်ဘူး။

''ကျုပ်အပေါ်မှာ ဒီလောက် အာဃာတနဲ့ မဲနေတဲ့ ဟီးလ်ဟာ ကျုပ်တို့မြန်မာတွေက 'ကိုယ့်တိုင်းပြည် လွတ်လပ်ရေးအတွက် အခုလို ဘဝပေးတာဝန်ကို ထမ်းဆောင်တာကို သူတို့က အခဲမကျေဘဲ သတ်ချင်တယ်။ လူကိုတော့ သတ်လို့ရချင်ရမယ်။ ဒါပေမယ့် ကျုပ်တို့ မြန်မာတွေရဲ့ စိတ်ဓာတ်ကိုတော့ သူလည်း မသတ်နိုင်ဘူး။ ဘယ်နယ်ချဲ့အစိုးရကမှလည်း လာသတ်နိုင်မှာ မဟုတ်ဘူး။

''ကျုပ်တို့ မြန်မာတွေမှာ ကြောက်သွေးတစ်ပင်ရှိရင် အဲဒီ ကြောက်သွေးကို ဓာဂနာနဲ့ နုတ်ပစ်မယ်တဲ့။ ဒီလောက်ဆို သူတို့သိဖို့ကောင်းပြီ၊ လူသာ အသေခံမယ်၊ နာမည်တော့ ကျုပ်တို့ မြန်မာတွေက ဘယ်တော့မှ အသေမခံဘူး။''

''အခုဟာက အင်္ဂလိပ်နယ်ချဲ့သမားတွေနဲ့ ကျုပ်တို့ စာရင်းရှင်းတဲ့ပွဲမှာ ကျုပ်တို့ အနိုင်မခံ အရှုံးမပေးဘူး။ ကုန်ကုန်ပြောမယ်ဗျာ၊ တစ်ယောက်တည်းကျန်ကျန် အလံမလဲစေဘူး။ ကျုပ်တို့ မြန်မာတွေက ဆက်တိုက်သွားမယ်၊ သေနတ်မရှိရင် ဓားနဲ့၊ ဓားကျိုးရင် လက်သီး၊ ခြေတို့နဲ့၊ နောက်ဆုံး လက်ခြေကျိုးရင်တောင် ပါးစပ်နဲ့တိုက်မယ်။ ဒီလိုနဲ့ သေရင်လည်း လူဟာ တစ်ခါပဲ သေမယ်၊ နှစ်ခါမသေဘူး . . . မဟုတ်လား။''

''ကျုပ်ကို အင်္ဂလိပ်ကသတ်ရင် အင်္ဂလိပ် လည်ချောင်းသွေးနဲ့ ခြေဆေးပါရစေ၊ ကျုပ် လူဝင်စားလို့ နောက်နှစ်ပေါင်း (၁၇)၊ (၁၈) နှစ်အရွယ်ရောက်လာရင် အင်္ဂလိပ်နယ်ချဲ့သမားတွေကို ကျူပင်ခုတ် ကျူငုတ်ပင်မကျန် ချေမှုန်းပါရစေ'' လို့ ကျုပ် ဆုတောင်းခဲ့ပါ့မယ်။ အဲဒီ လို ပြောပြောလွှတ်တယ်။ တကယ်ကျတော့လည်း သူ့ကို သေနတ်နဲ့ပစ်တဲ့အချိန် သူ့ကို မျက်နှာစည်းမယ်ဆိုတာလည်း အစည်းမခံဘူးတဲ့ဗျ။ နောက်ဆုံး ဟီးလ်က

ဘာပြောသလဲလို့ မေးတယ်။ အဲဒီ တော့ သခင်နက်ဖေက . . .

''ကျုပ် ဖြစ်လေရာဘဝမှာ အင်္ဂလိပ်တွေရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးနိုင်ပါရစေ'' လို့ ဆုတောင်းရင်း ဟီးလ်ကို လက်သီးတင်းတင်းဆုပ်၊ အံကိုကြိတ်ပြီး မတ်မတ်ရပ်ရင်းက သေနတ် သမားတွေနဲ့ ဟီးလ်ရဲ့ ကျည်ကုန်အောင်ပစ်တဲ့ကျည်နဲ့ပဲ နောက်ဆုံးကျဆုံးသွားတယ်။

သူဟာ အပြောသမားမဟုတ်၊ တကယ့်ပြောင်မြောက်တဲ့ မြန်မာ-အာဇာနည် သူရဲကောင်းပဲ။

အဲဒီ လို သခင်နက်ဖေဟာ မြန်မာပြည်လွတ်လပ်ရေးအတွက် ဆောင်ရွက်ရာမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အနမတဂ္ဂ အသက်ကို ပေးလှူသွားတာတွေကို ကြားခဲ့ရပါတယ်။

မနက်။ မြူနှင်းတွေဝေပြီး တိတ်ဆိတ်နေတဲ့ မနက်ခင်းမှာ သူတို့ကို ပစ်သတ်တဲ့နေ့က ကြားရတဲ့ သေနတ်သံ။ ခြောက်လုံးပြူး သေနတ်သံတွေဟာ စကြဝဠာအနှံ့သို့ ပဲ့တင်ရိုက်ခတ်သွားသလို ဆူညံသွားတယ်တဲ့။ ဒီလောက် ပြောင်မြောက်စွာ နယ်ချဲ့တွေနဲ့ တစ်ပြားသားမျှ မစေ့စပ်တမ်း၊ ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ သစ္စာဆိုထားတာတွေ၊ ရင်ဆိုင်ခဲ့သမျှတွေကို ကြားရသူတိုင်း ကြက်သီးမွေးညင်းထခမန်းလိလိ ဖြစ်ကြရတယ်။ ရင်ထဲမှာ သူတို့အတွက် တမ်းတပူဆွေး ရတယ်တဲ့။

အဲဒီ ၁၉၄၄ ခုနှစ်ကတည်းက ဒီလို တိုင်းပြည်အတွက် အသက်ပေးခဲ့တဲ့ မြန်မာ့အာဇာနည် သူရဲကောင်းများအကြောင်းကို တိုင်းပြည်က သိသင့်တယ်။ နောင်လာနောက်သားတွေကို သူတို့ရဲ့ ကောင်းမြတ်တဲ့ အမွေအနှစ်တွေကို လက်ဆင့်ကမ်း ပေးထားခဲ့ချင်တယ်။ သူတို့ ဆက်လက် သယ်ဆောင်သွားစေချင်တယ်။ ဒါကြောင့် သူတို့အကြောင်းကိုတော့ အခုမရေးဖြစ်သေးရင်လည်း တစ်နေ့နေ့မှာတော့ စာအုပ်တစ်အုပ်အဖြစ်

မှတ်တမ်းတင်ထားမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမယ့် အနှစ် (၅၀) တိုင်တိုင် ရှိခဲ့ပေမယ့် စာအုပ်အဖြစ် မရေးဖြစ်သေးပါ။

ဒီလို တိုင်းပြည်အတွက် စွန့်စွန့်စားစား အသက်ပေးခဲ့သူရဲ့ အကြောင်းကို အခုမှပဲ ရေးသားလိုက်ရတာ မို့ အနှစ် (၅၀) ကျော်က ထားခဲ့တဲ့ မဟာတာဝန်ကြီးတစ်ခု ပြီးဆုံးသွားတဲ့အတွက် စာရေးသူမှာ လုံးဝ စိတ်ပေါ့ပါးပြီး စိတ်ချမ်းချမ်းသာသာ ဖြစ်ခဲ့ရပါပြီ။

မြန်မာ့လွတ်လပ်ရေး ကန်ဘောင်ရိုးမှာ အစတေးခံသွားကြတဲ့ ရဲဘော် သခင်နက်ဖေနှင့် တကွ မြန်မာ့သားကောင်းများအား ဤစာအုပ်ရေးသားခြင်းဖြင့် ချီးကျူးဂုဏ်ပြုအပ်ပါတယ်။ ကျဆုံးသွားတဲ့ ရဲဘော်ကြီးများ ကောင်းရာသုဂတိလားကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။

**ဝမ်းအိုဝမ်း ကျော်ဝင်းမောင်**

**၁၆-၂-၁၉၉၈**

***

## ဒုတိယ နိဒါန်း

နယ်ချဲ့ကို ဒူးမထောက်တဲ့ သခင်နက်ဖေဆိုတဲ့ စာအုပ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလက ပထမအကြိမ် အုပ်ရေနှစ်ထောင် (၂၀၀၀) ကို ကျွန်တော်ရဲ့ ဗန်းမော်စာပေတိုက်ကနေ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါတယ်။ ဒီစာအုပ်ဟာ ကျွန်တော့်ဆီမှာ စာပေစီစစ်ရေးကို တင်ဖို့တောင် တစ်အုပ်မှ မရှိတော့ပါဘူး။ စာပေစိစစ်ရေးကို သုံးအုပ်တင်ဖို့တောင် မရှိတော့ ယခင်တုန်းက စာအုပ်ဝယ်ထားတဲ့ အသိမိတ်ဆွေတွေဆီက ခဏငှားယူပြီး တင်ရပါတယ်။

ဒီစာအုပ်ဟာ နယ်ချဲ့ကို ဒူးမထောက်တဲ့ စာအုပ်ဆိုတဲ့အတိုင်းပဲ နယ်ချဲ့ဆန့်ကျင်ရေးကို ရဲရဲတောက်၊ ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တဲ့ တကယ့်ဖြစ်ရပ်တစ်အုပ်မို့လို့ စာအုပ် ချက်ချင်းကုန်သွားတယ်။ ဒီစာအုပ်တွေကို ပြန်လည်ရိုက်ဖို့ရှိပေမယ့်လို့ အခြားစာအုပ်တွေကလည်း ရှိနေတော့ အခြားစာအုပ်တွေကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့တဲ့အတွက် ဒီစာအုပ် အခုလို ကြန့်ကြာနေခြင်း ဖြစ်ပါတယ်။

စာဖတ်ပရိသတ်ပြည်သူတွေရဲ့ အားပေးမှုကြောင့် ဒီစာအုပ်ကို အခု ထပ်မံပုံနှိပ် ထုတ်ဝေဖို့ စီစဉ်ရပါတယ်။ စောစောက ပြောခဲ့သလို ကျွန်တော့်မှာ ဒီစာအုပ်တစ်အုပ်မှ မကျန်တော့လို့ မိတ်ဆွေတွေရှိက ခဏငှားပြီး စာပေစီစစ်ရေးသို့ ပုံနှိပ်ထုတ်ဝေခွင့်ရရေးအတွက် အခုမှ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီစာအုပ်ဟာ ပြောမယ်ဆိုလို့ရှိရင် မြန်မာတိုင်းရင်းသား ပြည်သူတွေရဲ့ တကယ့်ဖြစ်ရပ်ကို အပိုအလိုမရှိဘဲ ရေးသားခဲ့တဲ့အတွက် ဒီစာအုပ်ကို ဖတ်တဲ့သူတိုင်း နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို နှိုးဆွလျက်ရှိနေပါတယ်။

ဒါကြောင့် ဒီလို ပြောင်မြောက်စွာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို နှိုးဆွလျက်ရှိနေပါတယ်။ ဒါကြောင့် ဒီလိုပြောင်မြောက်စွာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းကို လုပ်ရာမှာ မိမိရဲ့ အသက်တစ်ချောင်းကို စတေးခံပြီး ရဲရဲတောက် လုပ်ခဲ့တဲ့ထုံးကို နောင်လာ နောင်သား မျိုးဆက်သစ်တွေရဲ့စိတ်မှာ ကိန်းအောင်းနေစေဖို့အတွက် အခု ထပ်မံထုတ်ဝေခြင်း ဖြစ်ပါတယ်။

တချို့ စာဖတ်ပရိသတ်ထဲက မျိုးချစ်စိတ်ဓာတ် ပြင်းထန်တဲ့ လူကြီးတွေကလည်း ဒီစာအုပ်ကို မြန်မာလိုပဲ ထုတ်ဝေခြင်းဖြင့် ရောင့်ရဲတင်းတိမ်မနေဘဲ ကမ္ဘာပြည်သူတွေပါ သိအောင် အင်္ဂလိပ်ဘာသာနှင့် ပုံနှိပ်ထုတ်ဝေဖို့ အကြံပေးတိုက်တွန်းလာကြပါတယ်။ ဒီအကြံပေးချက်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံပြီး အင်္ဂလိပ်လို ဘာသာပြန်ဖို့ စီစဉ်နေပါတယ်။ ဒီစာအုပ်ကို ဘာသာပြန်ပြီးသွားရင် အင်္ဂလိပ်လိုပါ ပုံနှိပ်ဖြန့်ချိမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေရန် အကြံပေးကြသော စာဖတ်ပုဂ္ဂိုလ်တွေကိုလည်း အတိုင်းထက်အလွန် ကျေးဇူးတင်အပ်ပါတယ်ဆိုတာ ပြောကြားရင်း ဒုတိယနိဒါန်းကို နိဂုံးချုပ်ပါရစေ။

**ဝမ်းအိုဝမ်း ကျော်ဝင်းမောင်**

***

အခန်း (၁)

## အင်္ဂလိပ်အပြေး - ဂျပန်အဝင်ကာလ မြန်မာပြည်

"တိုက်တိုဝါးကျူးအီကင်း" အရှေ့တောင်အာရှနိုင်ငံများ သာတူညီမျှရေးဆိုတဲ့ လေနီကြမ်းကြီးဟာ အရှေ့အာရှတိုင်းပြည်များကို တစ်စတစ်စ တိုက်ခတ်လာပါတော့တယ်။

မြန်မာ - အိန္ဒိယ စတဲ့ တိုင်းပြည်တွေဟာ ကိုယ့်နိုင်ငံ လွတ်လပ်ရေးအတွက် လှုပ်ရှားနေတဲ့ ကာလ ဖြစ်တယ်။

သခင်အောင်ဆန်းလည်း တို့ဗမာအစည်းအရုံးအဖွဲ့ချုပ် ခေါင်းဆောင်အဖြစ်နဲ့ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေး၊ တိုင်းပြည်လွတ်မြောက်ရေးအတွက် ရဲရဲတောက် မိန့်ခွန်းများကို နယ်လှည့်ပြီး တရားဟောနေပါတယ်။ ဇလွန်မြို့ တရားပွဲမှာ ဟောပြောတဲ့ နယ်ချဲ့အား တိုက်ထုတ်ရန် ပြည်သူတွေ သွေးစည်းကြဆိုတဲ့ ဟောပြောချက်ကြောင့် ဗြိတိသျှအစိုးရက ဆုတော်ငွေ ၅/ နှင့် ဝရမ်းထုတ်လိုက်ရတယ်။

အဲဒါကြောင့် သခင်အောင်ဆန်းနဲ့ သခင်လှမြိုင်တို့နှစ်ယောက်ဟာ နိုင်ငံခြား အကူအညီယူရန် ရပ်ဖျက်ပြီး ဟိုင်းလီ မီးသင်္ဘောနဲ့ ၁၉၄၀ ပြည့် ဩဂုတ်လ (၈) ရက်နေ့မှာ မြန်မာပြည်က ထွက်ခွာသွားတယ်။ တရုတ်ပြည် အမွိုင်မြို့ကို ရောက်တယ်။ နောက်မကြာပါဘူး ဂျပန်နဲ့ အဆက်အသွယ်ရတယ်။

မြန်မာပြည်မှာ သခင်ကိုယ်တော်မှိုင်း ဦးစီးတဲ့ တို့ဗမာအစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ဒေါက်တာဗမော် ဦးစီးတဲ့ ဆင်းရဲသားဓားမအဖွဲ့၊ ငါးပွင့်ဆိုင်ဝံသာနုနဲ့ ကရင်အဖွဲ့တွေပေါင်းပြီး

''ဗမာ့ထွက်ရပ်ဂိုဏ်း'' ကြီးကို ဖွဲ့လိုက်ကြတယ်။ ဒေါက်တာဗမော်ကို ယင်းအဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ် အားလုံးက ရွေးချယ်လိုက်တယ်။

သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ဦးစီးတဲ့ တို့ဗမာအစည်းအရုံးကလည်း နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းတွေ အပြင်းအထန် လုပ်ကိုင်နေတယ်။

နောက်ဆုံး သခင်အောင်ဆန်းရဲ့ အစီအစဉ်နဲ့ မြန်မာ့လွတ်လပ်ရေးအတွက် အသက်စွန့် ကြိုးပမ်းဆောင်ရွက်ကြမယ့် ရဲဘော်သုံးကျိပ်ဟာ ဟိုင်နန်ကျွန်းစစ်ကျောင်းမှာ တက်ရောက်ပြီး စစ်ပညာသင်ကြားနေတယ်။

***

အင်္ဂလိပ်အစိုးရက မြန်မာပြည်အရပ်ရပ်ရှိ သခင်များကို ဖမ်းပြီ

အင်္ဂလိပ် ဆုတ်ခွာခါနီး မှာ မြန်မာပြည်အရပ်ရပ်က သခင်တွေကိုဖမ်းပြီး ထောင်သွင်း အကျဉ်းချထားတယ်။ သူတို့ တစ်မြို့ပြီးတစ်မြို့ ဆုတ်ခွာခဲ့တဲ့အခါ သူတို့ဖမ်းထားတဲ့ သခင်တွေကိုလည်း သူတို့နဲ့အတူ ရွှေ့ပြောင်းပြီး အညာက ထောင်တွေဆီ ပို့ထားတယ်။

အဲဒီ လိုနဲ့ နောက်ဆုံး မြန်မာပြည်အရပ်ရပ်က သခင်တွေဟာ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား မြို့များမှာ လာရောက်စုပြုံနေကြတယ်။

ကသာမြို့ကို ဂျပန်က ဗုံးကြဲတော့ ထောင်နံရံတစ်ခုကို ဗုံးလာမှန်ပြီး အပေါက်ကြီး ဖြစ်သွားတယ်။ အဲဒီ ကနေ သခင်တွေ၊ ရိုးရိုးအကျဉ်းသားတွေ ထွက်ပြေးကြတော့တယ်။

ဗန်းမော်ထောင်ကျတော့ ရေနံမြေသခင်ဖိုးလှကြီး၊ သခင်ဗဟုန်း အစရှိတဲ့ သခင်တွေက ထောင်ဗူးကိုဖောက်ပြီး ထောင်ပြင်ကို ထွက်ကြရတယ်။

အများအားဖြင့် အောက်မြန်မာပြည်သား တွေဆိုတော့ အောက်ပိုင်းကို စုန်ဆင်းတယ်။ လှေတို့၊ ကုန်တင်တုံကင်းအကြီးတွေနဲ့ လိုက်ပါသွားကြရတယ်။ ဒီအချိန်က အောက်ပိုင်းသွားမယ့် သင်္ဘောတွေ မရှိတော့ဘူး။

ဒါတွေဟာ တကယ့်အဖြစ်အပျက်ပါ။ စာရေးသူကိုယ်တိုင်လည်း အသက် ၂၀ ပတ်ဝန်းကျင် မှာရှိနေတော့ ဒီနေ့ထိ မှတ်မိနေသေးတဲ့ ဂျပန်မဝင်ခင်နဲ့ ဂျပန်ဝင်ပြီးစ အခြေအနေမှန်ကို မှတ်မိသလောက် ရေးသားခြင်းပါ။

***

ဂျပန်က အင်္ဂလိပ်-အမေရိကန်တို့ကို စစ်မကြေညာဘဲ ဦးစွာဖုံးကွဲတိုက်ခိုက်

၁၉၄၁ ခု၊ ဒီဇင်ဘာလ (၇) ရက်နေ့မှာ အမေရိကန်ရဲ့ ပါးလ်ဟာဘား ရေတပ်စခန်းကို အမေရိကန် ရေတပ်အရာရှိနှင့် တပ်သားများ ပျော်ပါးနေတဲ့အချိန်၊ ဂျပန်လေတပ်က စစ်မကြေညာဘဲ အလစ်ဝင်တိုက်ခိုက်လိုက်တယ်။ အမေရိကန် ရေတပ်သင်္ဘောများ အများအပြား ပျက်စီး နစ်မြှုပ်ကုန်တယ်။ ဒီလုပ်ရပ်ဟာ ကမ္ဘာကြီးကို သိမ့်သိမ့်တုန်စေခဲ့တယ်။

အဲဒီ လို တိုက်ခိုက်ပြီး မရှေးမနှောင်းမှာပဲ အင်္ဂလိပ်၊ အမေရိကန်တို့ကို စစ်ကြေညာလိုက်ပါတယ်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ (၁၀) ရက်နေ့မှာ ''ပရင့်အောဝေးလ်'' ဆိုတဲ့ ဧရာမစစ်သင်္ဘောကြီးနဲ့ ရိပါလစ်က စစ်သင်္ဘောတွေကိုလည်း စင်ကာပူအနီး တောင်တရုတ်ပင်လယ်ထဲမှာ ဂျပန်ရေတပ်က နှစ်မြှုပ်ပစ်လိုက်ပြန်တယ်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ (၂၅) ရက်နေ့မှာ ဗြိတိသျှပိုင် ဟောင်ကောင်ကျွန်းကို သိမ်းပိုက်လိုက်တယ်။ နေမဝင်ဘုရင်ဆိုတဲ့

ဗြိတိသျှနယ်ချဲ့သမားတွေအဖို့တော့ ဒါဟာ သူတို့ နေဝင်စပြုလာပြီဆိုတဲ့ ရှေ့ပြေးနိမိတ်ပါ။ ဘယ်သူ့ကိုမှ ဒူးမထောက် အညံ့မခံပါဘူးဆိုတဲ့ နေမဝင် အင်ပါယာကြီးကို ပိုင်ဆိုင်တဲ့ ဗြိတိသျှအရှင်သခင်တွေဟာ ဟောင်ကောင်ကျွန်းမှာ မကြားဝံ့ မနာသာ ဗြိတိသျှဘုရင်ခံနဲ့တကွ စစ်ဗိုလ်ချုပ်တွေပါ လက်နက်ချ ဒူးထောက်အညံ့ခံလိုက်ရတယ်တဲ့။

နောက် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက် ဗြိတိသျှသိမ်းထားတဲ့ စင်ကာပူကို ဝင်တိုက်တယ်။ ဖေဖော်ဝါရီလ (၁၄) ရက်နေ့မှာ ဗြိတိသျှတွေကို ဒူးထောက် အညံ့ခံစေတယ်။

ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းအုပ်ကလည်း ဂျပန်ပြည် တိုကျိုမြို့ကနေ ရဲရဲတောက် အသံလွှင့်ခဲ့တယ်။ (၁၁) ကြိမ်တိတိ အသံလွှင့်ခဲ့တယ်။

သူ့အသံလွှင့်ချက်ထဲပါတဲ့ အကြောင်းအရာတချို့ကို ဖော်ပြရရင် -

''အင်္ဂလိပ်တို့ဟာ နေမဝင်တဲ့အင်ပါယာလို့ ကမ္ဘာတစ်ဝန်းမှာ ကြွားလာခဲ့တယ်။ ဒါပေမယ့် ၁၉၄၀ ခု၊ ဒီဇင်ဘာလ (၂၅) ရက်နေ့က ဟောင်ကောင်ဘုရင်ခံနဲ့တကွ စစ်ဗိုလ်ချုပ်ကြီးတွေ၊ စစ်သားတွေဟာ ဂျပန်ရေတပ်၊ ကုန်းတပ် စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ရှေ့မှာ ဒူးထောက် အရှုံးပေးပြီး လက်နက်ချခဲ့ရတယ်။ အင်္ဂလိပ်အင်ပါယာဟာ အခုဆိုရင် နေဝင်စပြုလာပါပြီ။ အင်္ဂလိပ်အင်ပါယာဟာ ချက်ချင်း မှောင်အတိကျတော့မယ်ဆိုတာ သေချာမှတ်လိုက်ကြပါတဲ့။

သူက ဆက်ပြီးပြောတာက အာရှတိုက် အရှေ့ပိုင်းမှာ ဂျပန်နဲ့အတူ ကြီးပွားရေးခေတ်သစ်ကြီးကို ထူထောင်နေပြီး ဒီခေတ်ကြီးမှာပါတဲ့ နိုင်ငံတွေဟာ အင်္ဂလိပ်၊ အမေရိကန်၊ ဒတ်ချ်တွေရဲ့ ကျွန်ဘဝကလွတ်ပြီး အတူကြီးပွားဖို့ အခွင့်အရေးရမယ်။ အင်္ဂလိပ်-အမေရိကန်တွေ ပေးထားတဲ့ (အများဝါဒ) ဒီမိုကရေစီ အစုတ်အပြတ် အုပ်ချုပ်ရေးတွေလို မဟုတ်ဘူး။ ပထမ သခင်အုပ်ချုပ်ရေး

တွေဖြစ်မယ်။ အာရှတိုက်သားတွေ ကျွန်ဘဝက လွတ်ကြရတော့မယ်။ သခင်ဘဝ ရောက်ကြရတော့မယ်'' တဲ့။

***

မြေအုတ်တစ်ချပ်ကို ရွှေအုတ်တစ်ချပ်နှင့် အစားထိုးပေးမတဲ့

နောက် ဂျပန် တိုကျိုရေဒီယိုကပဲ ညစဉ်အသံလွှင့်ပြီး မြန်မာတွေရဲ့ စိတ်ဓာတ်ကို နှိုးဆွစေတယ်။ တိုကျိုအသံလွှင့်ရုံကနေ ဒေါ်သီကလည်း ညစဉ် အသံလွှင့်တယ်။ ဂျပန်တွေဟာ ဗုဒ္ဓဘာသာဖြစ်တဲ့အတိုင်း အယူဝါဒတူမျှတဲ့ မြန်မာတွေကို ချစ်ကြည်ပါတယ်။ အခု အင်အားကြီးမားတဲ့ ဂျပန်တပ်မတော်ကြီး ချီတက်တိုက်ခိုက်နေတာဟာ အရှေ့အာရှတိုင်းပြည်များကို ကျွန်လုပ်ဖို့ မဟုတ်ပါ။ အနောက်နိုင်ငံသား နယ်ချဲ့သမားများကို အာရှတိုက်မှ နှင်ထုတ်ပြီး အရှေ့အာရှ သာတူညီမျှရေး ကြီးပွားရေးလောကကြီး ထူထောင်ဖို့ ဖြစ်ပါတယ်တဲ့။

ဂျပန်လေတပ်မတော်သားတို့ ဗုံးကြဲတိုက်ခိုက်တဲ့အခါ အဆွေတို့နဲ့တကွ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားအချို့တို့ကို မတော်တဆ ထိခိုက်ကောင်း ထိခိုက်လိမ့်မယ်၊ ဒီလို မတော်တဆ ထိခိုက်ရင် စစ်ကြီးပြီးစီးတဲ့အခါ (မြေအုတ်တစ်ချပ်ကို ရွှေအုတ်တစ်ချပ်) နှင့် အစားလှူပါ့မယ်'' တဲ့။

အဲဒီ လို ဂျပန်က အရှေ့တောင်အာရှမှာ စစ်ပွဲ တစ်ပွဲပြီး တစ်ပွဲ အောင်ပန်းဆွတ်နေတာနဲ့ရော၊ ဂျပန်ပြည် တိုကျိုရေဒီယိုက အသံလွှင့်ချက်တွေကြောင့်ပါ။ မြန်မာပြည်သူတွေဟာ ဂျပန်ကို အထင်ကြီးပြီး အင်မတန်အားကိုးလာကြတယ်။ တို့အားထားစရာ ဂျပန်မှ ဂျပန် ရေမရောဘူး။

အင်္ဂလိပ်တွေက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမျိုးရေးတွေမှာ ဖိနှိပ်ချုပ်ချယ်ထားတယ်။ သွေးခွဲအုပ်ချုပ်မှုစနစ်နဲ့ပဲ အုပ်ချုပ်တယ်။ အခုတော့

ဂျပန်က ဆုံးရှုံးခဲ့တဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတွေကို လွတ်လပ်အောင် လုပ်ပေးမယ်။ အာရှတိုက်တစ်လွှားမှာ တို့နဲ့ အင်မတန်ဝေးလှတဲ့ ဥရောပတိုက်သားတွေက လာရောက်ကျူးကျော်ပြီး တို့ကို ကျွန်ပြုထားတယ်။ တို့အားလုံး ပြားပြားမှောက်နေကြရတယ်တဲ့။

ဟော . . . အခုတော့ ''ဒင်း'' တို့ ခြေဖဝါးအောက် ကျွန်သားပေါက်အဖြစ် ရောက်နေတဲ့ဘဝကို ကယ်မယ့်လူဟာ ဂျပန်ပဲတဲ့။ တို့အာရှတိုက်မှာ တံခွန်စိုက်ပြီး တစ်ဦးတည်းခေါင်းဆောင်ဟာ ဂျပန်ပဲ။

ဟော . . . ဒီဂျပန်ကလည်း တို့အာရှတိုက်သားပဲ။ နယ်ချဲ့မျက်နှာဖြူတွေလက်က လွတ်အောင် တို့ကိုပဲ စွမ်းဆောင်ပေးမှာပဲ။ အာရှနိုင်ငံတွေ လွတ်မြောက်ရေးကိုရော၊ မြန်မာ့ လွတ်လပ်ရေးကိုရအောင် ဆောင်ကြဉ်းပေးမှာ ဒီဂျပန်ပဲ။ ဂျပန်ရဲ့အလံဟာ နေတံဆိပ်ပဲ။

ဟော . . . တို့ဗမာအစည်းအရုံးဝင် သခင်တွေရဲ့ သီချင်းကိုကြည့်။ ''အရှေ့က နေဝန်း ထွက်တဲ့ပမာ၊ တို့ခေတ်ကိုသာ ရောက်ရမည်မှာမလွဲပါ'' ဒီသီချင်းနဲ့လည်း အံဝင်ခွင်ကျ တစ်သားတည်းပါပဲ။ ဒါမှန်တာပေါ့။

ဗန္ဓုလ ဦးစိန်ကလည်း ''အမေရိကန် နေထိမခံတဲ့၊ လန်ဒန်သူကလေး'' ဆိုတဲ့ တပေါင် တရားဟောခဲ့တယ်။ အင်္ဂလိပ်နဲ့ အမေရိကန်ဟာ ဂျပန်နေထိရင် ခွေရိသွားလိမ့်မယ်တဲ့။

နို့ပြီး . . . ''စနေကြယ်-နေကွယ်ဖုံးပါလိမ့်၊ ပွဲနောက်ပိတ်ဆုံး'' ဆိုတဲ့ မောင်းထောင် ဦးကျော်လှ သံချိုကလည်း ပြောခဲ့တယ်။ အဲဒီ ဟာတွေ ဟောတာနဲ့ သူလည်း ထောင်ထဲရောက် တော့တာပဲတဲ့။

တချို့ကျ ဂျပန်အုပ်ချုပ်လာရင် ငွေတစ်ကျပ်တည်းနဲ့ ခေါင်းပေါင်းတဘက်ကနေ အကျႌ၊ လုံချည်၊ ပုဆိုး၊ ဖိနပ် အားလုံးရလိမ့်မယ်'' ဆိုပြီး ဂျပန်လာမယ့်အရေးကို တွေးပြီး ဝမ်းသာနေကြတယ်။

***

ပန်းသပြေ၊ ညောင်ရေအိုးနဲ့ ကြိုဆိုမတဲ့ဆို

ဂျပန်ကို စည်တော်များရွှမ်းပြီး အိုးစည်ဗုံမောင်းတီး၍ ပန်းသပြေနဲ့ ညောင်ရေအိုးကိုယ်စီနဲ့ ကြိုဆိုကြတယ်ဆိုတဲ့ သတင်းတွေလည်း ကြားတယ်။

အဲဒီ လို ကြိုတဲ့အထဲမှာ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး နှုတ်ခမ်းမွေးကားကားနှင့် အောက်လွှတ်တော်အမတ်တစ်ဦးဟာ ခေါင်းပေါင်းစကြီးချ၊ ပွဲထဲက ဝန်ကြီးပမာ သိုရင်းအကျႌနှင့် တောင်ရှည်ပုဆိုးကိုဝတ်ပြီး သူ့တပည့်တပန်းများနဲ့ ပန်းသပြေညောင်ရေအိုး ကိုယ်စီကိုင်ပြီး သွားရောက်ကြိုဆိုပါသတဲ့။ အဲဒီ ဂိုက်ထုတ်သွားတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်အား ပုဆိုးကြီး ကိုးရိုးကားရား၊ သိုရင်းအကျႌ ဖိုးရိုးဖားရားနဲ့ ပထမ ကားတွန်းခိုင်း၊ နောက် ဆန်အိတ် အတင်းထမ်းခိုင်းတာနဲ့ ခါးတောင်စောင်းသွားတယ်တဲ့။ အဲဒီ မယ် ''အသေဝနာစ ဂျပန်'' လုပ်တော့တယ်။

သူ့ကိုကြည့်ပြီး လူတွေလည်း ကွယ်ရာမှာ ဟားကြတော့တယ်တဲ့။

***

ရေဒီယိုသတင်းကို တအုန်းအုန်းနှင့် နားထောင်ကြခြင်း

၁၉၄၁ ခု၊ ဒီဇင်ဘာလ (၂၃) ရက်နေ့မှာ ဂျပန်က ရန်ကုန်ကို လေယာဉ်အစင်း (၈၀) နှင့် ဗုံးကြဲတယ်။ သူဟာ မြန်မာပြည်ထဲကို ထိုးဖောက်ဝင်ရောက်လာပါတယ်။ ထားဝယ်ကျသွားပြီ၊ မော်လမြိုင်လည်း ၁၉၄၂ ခု၊ ဇန်နဝါရီလ (၃၀) ရက်နေ့မှာ ကျသွားပြီတဲ့။ သခင်အောင်ဆန်း (ခေါ်)

ဗိုလ်ချုပ်အောင်ဆန်း (ခေါ်) ဗိုလ်တေဇဦးစီးတဲ့ ရဲဘော်သုံးကျိပ်ဟာလည်း ဂျပန်နဲ့အတူ လိုက်ပါလာတယ်။ သူတို့ကြောင့် ဒီလောက်မြန်မြန်ဆန်ဆန် ဂျပန်အောင်ပွဲဆင်နိုင်ခဲ့တာတဲ့။ ၁၉၄၂ ခု၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ဗြိတိသျှအစိုးရဟာ ရန်ကုန်က စတင်ဆုတ်ခွာပြီတဲ့။

ဒီအချိန်က မြန်မာပြည်မှာ ရေဒီယိုပေါ်စအချိန်ဖြစ်တယ်။ ဈေးကြီးလို့ တော်တော်တန်တန် လူက ရေဒီယိုဝယ်မထားနိုင်ကြဘူး။ အဲဒီ တော့ ရေဒီယိုရှိတဲ့အိမ်က ပတ်ဝန်းကျင်ကြားနိုင်အောင် ကျယ်ကျယ်ဖွင့်ပေးတယ်။ အဲဒီ ရေဒီယိုရှိတဲ့ အိမ်အပြင်လမ်းမကနေ လူတွေ တအုန်းအုန်းနဲ့ စစ်သတင်းတွေကိုလည်း နားထောင်နေကြတယ်။

***

ကိုယ့်လွတ်လပ်ရေးကို ကိုယ်ပဲတိုက်ယူကြ

အစကတော့ ဂျပန်တွေဟာ မြန်မာပြည်ထဲကို ဝင်တိုက်ပေးစရာမလိုဘူး၊ ဘီအိုင်အေပဲ တိုက်ရလိမ့်မယ်ဆိုခဲ့တယ်။ ပြီးတော့ မြန်မာပြည် အနှံ့အပြားမှာ လေထီးနဲ့ လက်နက်တွေ ချပေးမယ်ဆိုတယ်။

အဲဒါကြောင့် ကြိုတင်စီစဉ် အကြောင်းကြားတဲ့အတိုင်း သခင်တွေဟာ သူတို့သတ်မှတ်ထားတဲ့ ''ပင်ပွိုင့်'' ဆိုတဲ့နေရာက သွားသွားစောင့်တယ်။

အဲဒီ လို စောင့်တဲ့အထဲ ဖဆပလဝန်ကြီး ဖြစ်ခဲ့ပြီး အခု ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဆရာ ဗိုလ်ခင်မောင်လေးတို့လည်း ပါတယ်။ သူတို့က မိုးကုတ်နားမှာရှိတဲ့ တောတန်းကနေ သွားသွားစောင့်တယ်။ ဒါပေမယ့် ဘာလက်နက်မှ ချမလာဘဲ ဂျပန်သာ သူတို့မြို့ရွာတွေ ရောက်လာတယ်။ ဒီတော့မှ လက်နက်တွေကို ''လေထီးနဲ့ချပေးမယ်'' ဆိုပြီး သတ်မှတ်ပေးတဲ့တာဝန်လည်း

စခန်းသိမ်းသွားတော့တယ်။

''မြန်မာပြည်ထဲမဝင်ပါဘူး'' ဆိုတဲ့ ဂျပန်ဟာလည်း သူတို့စကားကို စပြီး ဖျက်ခဲ့တယ်။ ပြီး ''မြိတ်၊ ထားဝယ် သိမ်းပြီးရင် လွတ်လပ်ရေးကြေညာပေးမယ်'' ဆိုပြီး ပြောခဲ့ပေမယ့် မပေးဘူး။ မော်လမြိုင်ကျမှ၊ နောက် ရန်ကုန်ကျမှ ကြေညာပေးမယ်နဲ့ပဲ တစ်ပြည်လုံးဟာ ဂျပန်လက်ထဲ ကျခဲ့တယ်။ လွတ်လပ်ရေးအတွက် ကြေညာမပေးခဲ့ဘူး။

***

မြင်ကွန်းမင်းသားကြီးရဲ့သားတော်တဲ့လား

တချို့ကလည်း သိုက်စာတို့ တပေါင်တို့ကို ရွတ်ကြတယ်။

အင်းကို ဟင်္သာဆင်းလတ္တံ့၊ ဟင်္သာကို မုဆိုး လေးနဲ့ခွင်းလတ္တံ့။ မုဆိုးကြီး ထီးရိုးရိုက်လတ္တံ့။ ထီးရိုးကို မိုးကြိုးပစ်လတ္တံ့။ (ထီးရိုး) ဆိုတဲ့ စနေနံ အင်္ဂလိပ်တော့ မြင်ကွန်းကိုယ်တော်ကြီးရဲ့ သားတော် (ဗိုလ်ကြီး) က အသေပစ်မှာ မြေကြီးလက်ခတ်မလွဲဘူးတဲ့။

အခု အင်္ဂလိပ်ကို ဦးစီးတိုက်လာတဲ့ စစ်သူကြီးဟာ ဗိုလ်မိုးကြိုးတဲ့။ သိုက်စာနဲ့တော့ အကိုက်သား၊ ဒါပေမယ့် သူက မြင်ကွန်းမင်းသားကြီးရဲ့သားတော်မဟုတ်။ မြန်မာမင်းသွေးလည်း တစ်စက်မျှမပါ။ ဂျပန်အစစ်ပါတဲ့။

သိုက်စာနဲ့ တခြားစီမို့ တချို့က စိတ်ပျက်သွားကြတယ်။

***

အောင်မြင်စွာ ဆုတ်ခွာလာခြင်းတဲ့

ရန်ကုန်မြို့ကနေ တစ်မြို့ပြီး တစ်မြို့ကို အောင်မြင်စွာ ဆုတ်ခွာခဲ့ပြီလို့ အင်္ဂလိပ်က ကြေညာတယ်။ အဲဒီ အခါ ရေဒီယိုနားထောင်နေတဲ့ လူအုပ်ကြီးက ''ဝါး'' ခနဲ လှောင်ပြောင်ပြီး ရယ်ကြပါတယ်။

နေ့တိုင်း တစ်မြို့ပြီး တစ်မြို့ အောင်မြင်စွာ ဆုတ်လာနေပြီဆိုတဲ့ အင်္ဂလိပ်အစိုးရရဲ့ ရေဒီယိုကို နားထောင်နေကြတဲ့ ပရိသတ်အတွက် ဟားစရာ၊ သရော်စရာ ဖြစ်နေတာတော့ အမှန်ပဲ။

(ဒီအကြောင်းကို စာရေးသူ စစ်တပ်ထဲဝင်၊ စစ်ပညာတွေသင်၊ စစ်ပညာတွေ လိုက်စားတော့ မှ စစ်တပ်တစ်တပ်ကို အောင်မြင်စွာ ဆုတ်ခွာလာစေတဲ့ တပ်မှူးနှင့် စစ်ပွဲကို အောင်မြင်စွာ တိုက်နိုင်တဲ့ တပ်မှူးတို့အကြားမှာ တပ်ကို အောင်မြင်စွာ ဆုတ်ခွာထိန်းသိမ်းခဲ့တဲ့ တပ်မှူးတွေ ပို၍ အရည်အချင်းရှိတယ်ဆိုတာ သိလာရတော့မှ သြော် . . . ဒါကြောင့် သူတို့က အောင်မြင်စွာ ဆုတ်ခွာခဲ့တယ်လို့ အသားယူပြီး ပြောတာပါကလားလို့ နားလည်လိုက်တယ်။)

***